ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၃ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ဆုံးဖြတ်ချက်ပါ စံပြုလုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ဆုံးဖြတ်ချက်ပါ စံပြုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၄) ဆုံးဖြတ်ချက်ပါ စံပြုလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် မေလ ၂၉ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟာခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ Video Conference စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့မီးရထား၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နှင့် ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အစီအစဉ်ဆိုင်ရာ ဒေသခွဲအလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ်ဆိုင်ရာ ဒေသခွဲအလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပစဉ်။

ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ်ဆိုင်ရာ ဒေသခွဲ အလုပ်ရုံဆွေးနွေးပွဲ (WCO Sub–Regional Workshop on Authorized Economic Operator (AEO) Programme for the WCO Members region) နှင့်စပ်လျဉ်းသည့် အတွေ့အကြုံရှင်းလင်းပွဲကို ၂၀၂၄ ခုနှစ် မေလ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟ ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အတွေ့အကြုံရှင်းလင်းပွဲတွင် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညီညီလှိုင် က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအစီအစဉ်ဆိုင်ရာ ဒေသခွဲအလုပ်ရုံဆွေးနွေးပွဲ (WCO Sub–Regional Workshop on Authorized Economic Operator (AEO) Programme for the WCO Members region) သို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။




လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုလှိုင် က အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးနေစဉ်။

အဆိုပါ အတွေ့အကြုံရှင်းလင်းပွဲကို ပြည်ပ၌ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး ၊ ဆွေးနွေးပွဲ ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများသို့ တက်ရောက်ခဲ့ကြသူများမှ ၎င်းတို့ရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများနှင့် လက်တွေ့အသုံးချနိုင်မည့် ကိစ္စရပ်များအား မျှဝေပေးသွားရန်နှင့် ဌာနအသီးသီးရှိဝန်ထမ်းများမှ မိမိတို့လက်တွေ့လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံဗဟုသုတများနှင့် ဝန်ထမ်းများသိသင့်သိထိုက်သော အကြောင်းအရာများကို ဗဟုသုတရရှိစေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးတွင် လက်တွေ့အသုံးပြုဆောင်ရွက်သွားနိုင်ရေးတို့ကို ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

# အလုပ်သင်ဒု-အကောက်ခွန်မှူးသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနားကျင်းပ




အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် အလုပ်သင်ဒု-အကောက်ခွန်မှူးသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနားတွင် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

အလုပ်သင်ဒု-အကောက်ခွန်မှူးသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် မေလ ၃ ရက်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်သင်ဒု-အကောက်ခွန်မှူးသင်တန်းသို့ အလုပ်သင်ဒု-အကောက်ခွန်မှူး (၇၀) ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန အရာထမ်းအခြေခံသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနား ကျင်းပ



အကောက်ခွန်ဦးစီးဌာန အရာထမ်းအခြေခံသင်တန်း (၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနား ကျင်းပစဉ်။

အကောက်ခွန်ဦးစီးဌာန အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် မေလ ၈ ရက်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အကောက်ခွန်ဦးစီးဌာနအတွက် ခေါ်ယူခန့်ထားသော သင်တန်းသား ဦးစီးအရာရှိ (၁၅) ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား လေလံတင်ရောင်းချ




ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် B/N Excavator Spare parts ၊ အဝတ်ဖြတ်စများ ၊ Plastic Lunch Box ၊ ကားမှန်များနှင့် အထွေထွေကုန်ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချနေစဉ်။

အကောက်ခွန်ဦးစီးဌာနက ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် အမှုတွဲ (၃၆) မှုပါ ပစ္စည်းများဖြစ်ကြသည့် B/N Excavator Spare parts ၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box ၊ ကားမှန်များနှင့် အထွေထွေကုန်ပစ္စည်းများအား ပစ္စည်းအတွဲ (၃) တွဲ ခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် မေလ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် လေလံတင်ထုခွဲရောင်းချရေးအဖွဲ့ ဥက္ကဋ္ဌ ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဖေကြိုင် က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ဦး-၁ က လေလံစည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းကာ ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား လေလံတင်ရောင်းချခဲ့သည်။

လေလံထုခွဲရောင်းချမည့်ပစ္စည်းများကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ အကောက်ခွန်ကုန်လှောင်ရုံ ၊ HPT၊ AWPT ၊ MIP ၊ TMT နှင့် MITT ဆိပ်ကမ်းတို့တွင် မျက်မြင်ကြည့်ရှုခွင့်ပြုခဲ့သည်။

# နောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်း ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး



နောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကျင်းပနေစဉ်။

အာဆီယံလမ်းညွှန်ချက်အရ အကောက်ခွန်ဦးစီးဌာန နှင့် ပြည်တွင်းအခွန်များဦးစီးဌာန အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့်နယ်ပယ်များအနက် နောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ် မေလ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန အကောက်ခွန်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နောင်းစာရင်းစစ်ဆေးခြင်းနှင့်ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲ ညွှန်ကြားရေးမှူး ဦးဆောင်သော အထောက်အကူပြုအဖွဲ့ နှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဌာနမှူး (အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး-၁) ဦးဆောင်သော အထောက်အကူပြုအဖွဲ့တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန မှ နောင်းစာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ နောင်းစာရင်းစစ်ဆေးရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စာရင်းစစ်ဆေးခံသူ၏ တာဝန်နှင့်အခွင့်အရေးများ၊ နောင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းစဉ် (၃) ရပ်ဖြစ်သော ကုမ္ပဏီများအား ရွေးချယ်ခြင်း၊ စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်းများကို ဆွေးနွေးခဲ့ပြီး ပြည်တွင်းအခွန်များဦးစီးဌာန မှ အခွန်စာရင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ နောင်းစာရင်းများလက်ခံရရှိခြင်း၊ စိစစ်ဆောင်ရွက်ခြင်း၊ အခွန်စာရင်းစစ်ဆေးဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးခဲ့သည်။




**နောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကျင်းပနေစဉ်။**

ထို့နောက် PCA မှ သတင်းစာရင်းပေးပို့ထားသော လျော့နည်းခွန်များအပေါ် ပြည်တွင်းအခွန်များဦးစီးဌာန မှ ဆောင်ရွက်ပြီးစီးမှုကို အကြောင်းပြန်ကြားရန်နှင့် နောင်ကျင်းပမည့် (၃) လ တစ်ကြိမ် အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန မှ အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာန မှ အခွန်စည်းကြပ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားရန် ဆုံးဖြတ်ကြသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန မှ လေလံတင်ရောင်းချ




ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန မှ ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချနေစဉ်။

အကောက်ခွန်ဦးစီးဌာန မှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများ ဖြစ်ကြသည့် အရက် ၊ ဝိုင် ၊ လူသုံးကုန်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများအား အုပ်စု (၄) စုခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် မေလ ၁၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့ရှိ အကောက်ခွန်ကုန်လှောင်ရုံ ၌ ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးနေမျိုးသူ ဦးဆောင်ကျင်းပခဲ့သည်။

# ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများဆိုင်ရာသင်တန်း ဖွင့်လှစ်



ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများဆိုင်ရာသင်တန်း ဖွင့်လှစ်နေစဉ်။

ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) နှင့်စပ်လျဉ်းသည့် သိကောင်းစရာများဆိုင်ရာသင်တန်းကို ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန အကောက်ခွန်သင်တန်းကျောင်း ၌ ၂၀၂၄ ခုနှစ် မေလ ၆ ရက် မှ ၇ ရက် အထိ နိုင်ငံတကာရေးရာဌာနခွဲ ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်မျိုးမင်း ဦးဆောင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများမှ သင်တန်းသား ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် နိုင်ငံတကာရေးရာဌာနခွဲ ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့စုယဉ် မှ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး ပေါ်ပေါက်လာပုံ ၊ အဓိပ္ပာယ်သတ်မှတ်ချက်များ နှင့် ပင်မသဘောတရားများ၊ အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းကြီး (၄) ရပ် ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကျိုးသက်ရောက်မှုအား ခွဲခြမ်းစိတ်ဖြာခြင်း ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကျိုးသက်ရောက်မှုအား ရှင်းလင်းဖော်ပြချက် ၊ GRP လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းပုံ ၊ GRP အစည်းအဝေးကျင်းပခဲ့မှုများနှင့် GRP ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးပေးနိုင်ရန်၊ အာဆီယံအဆင့်စီမံအုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်




ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများဆိုင်ရာသင်တန်း အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

ရွက်မှုအား မြှင့်တင်သွားရန် ၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကျိုးသက်ရောက်မှုများကို စိစစ်ပြီး လုပ်ငန်းစဉ်များအားလုံးတွင်ပါဝင်သည့် ပြုပြင်ရမည့်အချက်များမှ အဟန့်အတားများကို ဦးစားပေးဖော်ထုတ်ကာ အစီအစဉ်ချမှတ်၍ စနစ်တကျဆောင်ရွက်သွားရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

# အကောက်ခွန်ဥပဒေဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်




အကောက်ခွန်ဥပဒေဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်သင်ကြားပို့ချနေစဉ်။

အကောက်ခွန်ဥပဒေဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်းကို ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန အကောက်ခွန်သင်တန်းကျောင်း ၌ ၂၀၂၄ ခုနှစ် မေလ ၂၀ ရက် မှ ၂၄ ရက် အထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများမှ သင်တန်းသား ၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကို အကောက်ခွန်ဦးစီးဌာနရှိဝန်ထမ်းများ အကောက်ခွန်ဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး ၊ ဝန်ထမ်းများ၏အရည်အချင်း ပိုမိုမြှင့်တက်လာစေရေး ၊ အမှုတွဲများ ခိုင်မာစွာ တည်ဆောက်၍ သိမ်းဆည်းမိန့်များအား ပြည့်စုံစွာထုတ်ပြန်နိုင်ရေး၊ အခွန်အယူခံခုံအဖွဲ့၌ အကောက်ခွန်အယူခံမှုများအား ဌာနဆိုင်ရာ ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်ရာတွင် ဥပဒေ ၊ နည်းဥပဒေ ၊ အမိန့် ၊ ညွှန်ကြားချက်များ ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ အမှုလိုက်ပါ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

# ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း (HS) သင်တန်းဖွင့်လှစ်




ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း (HS) သင်တန်းဖွင့်လှစ်သင်ကြားပို့ချနေစဉ်။

ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း (Harmonized System – HS) ဘာသာရပ်သင်တန်းကို ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန အကောက်ခွန်သင်တန်းကျောင်း ၌ ၂၀၂၄ ခုနှစ် မေလ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများမှ သင်တန်းသား ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် HS ဌာနခွဲမှ တာဝန်ရှိသူများက HS သမိုင်းကြောင်းများ ၊ HS ဖွဲ့စည်းတည်ဆောက်ပုံ ၊ ယေဘူယျအဓိပ္ပာယ်ဖွင့်ဆိုချက်များ (GIRs) ၊ HS Chapter (1 to 97) ရှိ အပိုင်း ၊ အခန်း ၊ ခေါင်းစဉ် ၊ ခေါင်းစဉ်ခွဲများကို ရှင်းလင်းပို့ချခဲ့ပြီး သင်ခန်းစာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။

# MACCS System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့် နည်းလမ်းများ သင်ကြားပို့ချခြင်း



MACCS System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့် နည်းလမ်းများ သင်ကြားပို့ချနေစဉ်။

MACCS System ဖြင့် စစ်ဆေးဆောင်ရွက်ရမည့်နည်းလမ်းများ သင်ကြားပို့ချခြင်းသင်တန်း အမှတ်စဉ် (၃) ကို MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် မေလ ၂ ရက် မှ ၁၃ ရက် နေ့ အထိ လည်းကောင်း၊ အမှတ်စဉ် (၄) ကို MACCS ဌာနခွဲ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် မေလ ၂၇ ရက် မှ ဇွန်လ ၅ ရက် နေ့ အထိ လည်းကောင်း စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းကို MACCS စနစ်ဖြင့် ကြေညာလွှာများအား Document စစ်ဆေးရာတွင် လည်းကောင်း၊ Physical စစ်ဆေးရာတွင်လည်းကောင်း ပိုမိုထိရောက်မှုရှိစေရန် နှင့် ကျွမ်းကျင်ပိုင် နိုင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၄၃၁.၃၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ မေလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၃၅၁) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် (၁၂၄၃၁.၃၂၆) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၁၄-၅-၂၀၂၄ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ ID No. 100278309610 (30.4.2024) ၊ ကုန်သေတ္တာအမှတ်- MSKU 1293275 , MSKU 0253637 (2X40’) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့၏ (Suspect) အရ (ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ ၊ အထူးအဖွဲ့) တို့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည့် အရေအတွက်ထက် ပိုမိုပါရှိလာသော (Brand New E-Goods Solar Pannel) (Brand-Shark Top Sun) (Model- JMS 575 N - 144m) (Dimension - 2279 x 1134 x 30 mm) (Watt -575 W) (C/O - China) (950 U) ခန့်မှန်းတန်ဖိုးကျပ် (၂၇၉,၃၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၄၃၁.၃၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၇-၅-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID-No. 100279308400 (15.5.2024) ၊ ကုန်သေတ္တာအမှတ်- IAAU2770068, IAAU2799652, IAAU2840740 (3X20’) ဖြင့် တင်သွင်းလာသောကုန်ပစ္စည်းများအား အထူးအဖွဲ့ Suspect အရ (ထုတ်/သွင်း ၊ ကာကွယ်ရေး ၊ စစရ၊ အထူးအဖွဲ့) အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲပါရှိလာသော (B/N –Electrical Goods) (PVC Coated Copper Wire) (FE/Size – 1.50–185.00SQMM) (Brand – RR KABLE) (C/O–India) (53762.08KG)၊ ခန့်မှန်းတန်ဖိုးကျပ် (၂၉၃,၅၄၀,၉၅၇/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၄၃၁.၃၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု









၂၀-၅-၂၀၂၄ ရက်နေ့ (၂၀:၃၀) အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရွှေကျင်စစ်ဆေးရေးစခန်း၌ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်စဉ် မြစ်ကြီးနားမြို့မှမန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်-(9N/9622) ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များနှင့်ဖိနပ်များတွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်၍ ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Man Sandal)(Brand-ERKE) (C/O-China) (588 U) အပါအဝင် ပစ္စည်း (၃) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂,၀၈၄,၆၄၀,၀၀၀/-)ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်-(9N/9622) (VOLVO) (FH460) (TRACTOR HEAD) (6x2) (Model-2010) (C/O-China) (1 U) နှင့် နောက်တွဲယာဉ်အမှတ်-(2TLR/2221) (Brand-KNPS) (Semi Trailer) (Truck Type) (1 U) ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၈၆,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၄၃၁.၃၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၂၁-၅-၂၀၂၄ ရက်နေ့ ၁၅:၃၀ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရွှေစာရံဓါတ်အားခွဲရုံ-ကဗျူး-ရွှေချောင်း-ပြင်စာလမ်းကြောင်း၌ ရှောင်တခင်စစ်ဆေးခြင်းဆောင်ရွက်စဉ် ရွှေချောင်းရွာအနီး၌ ကဗျူးရွာမှ ပြင်စာရွာဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ်-(EE/1960) (TOYOTA CROWN) ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်၌ အဝါရောင်တိပ်ဖြင့် ပတ်ထားသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်ပုတီးလုံးလက်ပတ်နှင့် ကျောက်ပုတီးလုံးဆွဲကြိုးများအား တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်၍ စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ကျောက်စိမ်းဟုယူဆရသော ကျောက်ပုတီးလုံးလက်ပတ်) (68Kg) အပါအဝင် ပစ္စည်း(၂)မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃,၄၃၀,၀၀၀/-) ခန့်အား လည်းကောင်း ၊ အခင်းဖြစ်ယာဉ်အမှတ် (EE/1960) (TOYOTA CROWN) (4x2) (Model-2002) (C/O-Japan) (1 U) ၊ ခန့်မှန်း တန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၄၃၁.၃၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု






၁၄-၅-၂၀၂၄ ရက်နေ့ ၁၀:၃၀ နာရီအချိန်ခန့်တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း ၌ အတက်ယာဉ်စစ်ဆေးရေး တာဝန်ကျ အကောက်ခွန်အဖွဲ့ဝင်များသည် မန္တလေးမြို့ မှ မူဆယ်မြို့သို့ မောင်းနှင်လာသောယာဉ်အမှတ်-(8K/8502) (LIGHT TRUCK) ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ စားသောက်ကုန်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ပိတောက်ခွဲသားဟုယူဆရသော ခွဲသားများအား တွေ့ရှိရသဖြင့် စစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (ပိတောက်ခွဲသား) (ဆိုဒ်စုံ) (၁၁၄ချောင်း) ၊ (၀.၆၃၁၄ တန်) ၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၈၄၁,၃၀၀/-) ခန့်အား လည်းကောင်း ၊ အခင်းဖြစ်ယာဉ်အမှတ်-( 8K/8502) ( LIGHT TRUCK) (4x2) (Model-2013) (C/O-Japan) (1U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၄၃၁.၃၂၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု






၂၁-၅-၂၀၂၄ ရက်နေ့ ၁၇:၀၀ နာရီ အချိန်ခန့်တွင် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အတက်ယာဉ် စစ်ဆေးရေးတာဝန်ကျ အကောက်ခွန်အဖွဲ့ဝင်များသည် မန္တလေး မှ ပြင်ဦးလွင် မြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ်-(7N/8452)(ISUZU EIFNM585 LIGHT TRUCK) ယာဉ်အား စစ်ဆေးရာယာဉ်ပေါ်၌ ဆာလာအိတ်အဖြူရောင်အတွင်း ထည့်ထားသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်ပုတီးလုံးများနှင့် အဝါရောင်တိပ်ဖြင့်ပတ်ထားသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်စိမ်းတုံးကြမ်းဆိုဒ်စုံများအား တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်၍ စစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ကျောက်စိမ်းဟုယူဆရသော ကျောက်ပုတီးလုံး) (2460 Kg) အပါအဝင် ပစ္စည်း(၂)မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၉၆,၁၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (7N/8452) (ISUZU EIFNM585 LIGHT TRUCK) (4x2) (Model-2008) (C/O-Japan)(1U) ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။